**သမတအိမ်တော်၊ ရန်ကုန်မြို့**

# ၁၉၅၃ ခုနှစ်၊ ကယားပြည်နယ်အကြံပေးပုဂ္ဂိုလ်များအက်ဥပဒေ။

**[၁၉၅၃ ခုနှစ်၊ ကယားပြည်နယ်အက်ဥပဒေ အမှတ် ၁။]**

**၁၃၁၅ ခုနှစ်၊ နယုန်လဆန်း ၆ ရက်။**

**(၁၉၅၃ ခုနှစ်၊ မတ်လ ၁၈ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖော် ပြပါအက်ဥပဒေကို ထုတ်ပြန်ကျေညာ သည်။

၁။ ။ ဤအက်ဥပဒေသည်၊ ၁၉၅၂ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှစ၍ အာဏာတည်သည်ဟုယူဆရမည်။

၂။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့် ကျင်လျှင်-

(က) "ဥက္ကဋ္ဌ" ဆိုသည်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ခန့်ထားအပ်သောကယားပြည်နယ် ဥက္ကဋ္ဌကိုဆိုလိုသည်။

(ခ) "အစည်းအဝေး" ဆိုသည်မှာ ကယားပြည်နယ်ကောင်စီ အစည်းအဝေး၊ သို့မဟုတ် ကယားပြည်နယ်ကောင်စီကသော်၎င်း၊ ဥက္ကဋ္ဌကသော်၎င်း၊ ရွေးချယ်ခန့်အပ်ထားသော ကော်မီတီ၏၊ သို့မဟုတ် ဆပ် ကော်မီတီ၏ အစည်းအဝေးများကိုဆိုလိုသည်။

(ဂ) "အကြံပေးပုဂ္ဂိုလ်" ဆိုသည်မှာ ဥက္ကဋ္ဌသည် မိမိ၏ပြည်နယ်စီရင်အုပ်ချုပ်မှုတွင် အကြံပေးကူညီရန် အတိုင်ပင်ခံရန်၊ သို့မဟုတ် အစည်းအဝေးတွင် အကြံပေးကူညီရန် အတိုင်ပင်ခံရန်ဥက္ကဋ္ဌက၊ ခန့်အပ်ခြင်း ခံရသော ပုဂ္ဂိုလ်တဦး၊ သို့မဟုတ်တဦးထက်ပိုမိုသောပုဂ္ဂိုလ်များကိုဆိုလိုသည်။

ထိုကဲ့သို့ခန့်အပ်ခြင်းကို အစိုးရပြန်တမ်းတွင်ကျေညာရမည်။

၃။ ။ အကြံပေးပုဂ္ဂိုလ်တဦးသည်၊ ဥက္ကဋ္ဌ၏အမိန့်အရ၊ အကြံပေးကူညီခြင်း၊ အစည်းအဝေးတက်ရောက် ခြင်း စသည့်အလုပ်ဝတ္တရားများကို ဆောင်ရွက်သည့်နေ့များအတွက် နေ့တွက်စရိတ်တနေ့လျှင်ကျပ် ၂၀ (နှစ်ဆယ်ကျပ်) ကျရယူခွင့်ရှိစေရမည်။

အလုပ်ဝတ္တရားများကို ဆောင်ရွက်သည့်နေ့များကို တွက်ချက်ရာတွင် အလုပ်ဝတ္တရားများစတင်မဆောင် ရွက်မီ တနေ့နှင့် ဆောင်ရွက်ပြီး နောက်တနေ့များထည့်သွင်းရမည်။

၄။ ။ အကြံပေးပုဂ္ဂိုလ်တဦးသည်၊ ပုဒ်မ ၃ တွင် ပြဋ္ဌာန်းထားသည့်စရိတ်အပြင်၊ မိမိ၏တာဝန်ဝတ္တရားများ အတွက် ခရီးသွားလာရသည့်အခါ၊ ဤအက်ဥပဒေအရ၊ ပြဋ္ဌာန်းထားသောနည်းဥပဒေများရှိက၊ ၎င်းနည်း ဥပဒေများတွင် သတ်မှတ်သောစည်းကမ်းချက်များနှင့်အညီ ခရီးစရိတ်များကိုရယူခွင့်ရှိစေရမည်။

သို့သော် ဤအက်ဥပဒေအရ၊ ပြဋ္ဌာန်းထားသော နည်းဥပဒေများမရှိမီကာလအတွင်း ၁၉၅၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်အမတ်များလစာနှင့် စရိတ်ကြေးငွေများ နည်းဥပဒေများအရ၊ ခရီးစရိတ်များကို ရယူခွင့်ရှိစေရမည်။

၅။ ။ အငြိမ်းစားအစိုးရအမှုထမ်း၊ သို့မဟုတ် အငြိမ်းစားနယ်အမှုထမ်းတဦးသည်၊ ဤအက်ဥပဒေပြဋ္ဌာန်း ချက်များအရ၊ စရိတ်များကို ထုတ်ယူသည့်အတွက်ထိုသူ၏ ပင်ရှင်လစာကိုမထိခိုက်စေရ။

၆။ ။ (က) ၁၉၅၂ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှစ၍ ဤအက်ဥပဒေထုတ်ပြန်ကျေညာသည့်နေ့အထိ ကာလအတွင်း ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ ရယူခွင့်ရှိသောစရိတ်များကို ဤအက်ဥပဒေ အာဏာတည်သည့်နေ့မှစ၍ ၆ လအတွင်းတောင်းဆိုရမည်။

(ခ) ဤအက်ဥပဒေထုတ်ပြန်ကျေညာသည့်နေ့မှစ၍ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ ရယူခွင့်ရှိ သော စရိတ်များကို ရယူခွင့်ရှိသောနေ့ရက်မှစ၍ ၆ လအတွင်းတောင်းဆိုရမည်။

၇။ ။ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များကို ပြီးမြောက်အောင်မြင်စေရန် ဥက္ကဋ္ဌသည်၊ နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဘဦး၊

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၅ ခုနှစ်၊ နယုန်လဆန်း ၆ ရက်။

(၁၉၅၃ ခုနှစ်၊ မေလ ၁၈ ရက်။)

အမိန့်အရ၊

ပါစိန်၊

နိုင်ငံတော်သမတကြီး၏ အတွင်းဝန်။

[အမှတ် ၄၈]